awba group

# NEWS LETTER

## လုပ်ငန်းခွင်အကျိုးပြု ဝန်ထမ်းမွန်းမံသင်တန်းများကျင်းပခြင်း




၂၀၂၅ – ၂၀၂၆ စိုက်ပျိုးရာသီတွင် ဝိစာရကုမ္ပဏီ၏ မန္တလေး 1 (A)၊ ပဲခူးအရှေ့ (၁ , ၂)၊ မွန် နှင့် ကရင် တိုင်းများရှိ အရောင်း/ ကွင်းဆင်းဝန်ထမ်းများအတွက် လုပ်ငန်းခွင်အကျိုးပြု စိုက်ပျိုးနည်းပညာပေး မွန်းမံသင်တန်းများကို (၂၆ / ၉ / ၂၀၂၅ မှ ၂၇ / ၉ / ၂၀၂၅ )နေ့တွင် နေပြည်တော် နှင့် (၂၉ / ၉ / ၂၀၂၅ မှ ၃၀ / ၉ / ၂၀၂၅ )နေ့တွင် ညောင်လေးပင်မြို့တို့တွင် ကျင်းပခဲ့ပါသည်။

အဆိုပါသင်တန်းများသို့ ဝန်ထမ်း စုစုပေါင်း (၇၀)ဦး တက်ရောက်ခဲ့ပြီး သီးနှံစိုက်ခင်းများတွင် ပေါက်ရောက်တတ်သော ပေါင်းမြက်များ၊ ကျရောက်တတ်သော ဖျက်ပိုး/ ရောဂါများ၊ အာဟာရ ချို့တဲ့မှုများနှင့်သက်ဆိုင်သော စိုက်ခင်းထဲမှပြဿနာများနှင့် ၎င်းတို့ကိုကာကွယ်နှိမ်နင်းပုံနည်းလမ်းများ၊ အသုံးပြုပက်ဖျန်းရမည့် စိုက်ပျိုးရေးသုံးဆေး၊ မြေဆီများ၊ ဝိစာရထုတ်ကုန်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဝိစာရကုမ္ပဏီမှ သက်ဆိုင်ရာ Product Manager များ၊ စာတွေ့နှင့်အတူ လက်တွေ့ဆောင်ရွက်မှုများ အကြောင်းတို့ကို ဝိစာရကုမ္ပဏီ၏ Media Promoter များမှ သင်ကြားပေးခဲ့ပြီး ဝန်ထမ်းများမှလည်း သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ကွင်းဆင်းအရောင်းဝန်ထမ်းများဖြစ်သည့်အတွက် တောင်သူဦးကြီးများ၊ ကိုယ်စားလှယ်များ နှင့် တွေ့ဆုံရာတွင် လိုအပ်သည့်အရောင်းပိုင်းဆိုင်ရာနည်းစနစ်များ၊ လူမှုရေး၊ ပြောဆိုဆက်ဆံရေးပိုင်းများ နှင့် အခြားသိထားသင့်သည်များကို Marketing Manager ဦးကျော်ဇေယျာ နှင့် Market Activity Manager ဦးခင်မောင်ဝင်း တို့မှ ရှင်းလင်းဆွေးနွေးပြောကြားကြပါသည်။

သင်တန်းများသင်ကြားပြီးဆုံးချိန်တွင် သင်တန်းသားများကို အရည်အချင်းစစ်စာမေးပွဲများ ကျင်းပစစ်ဆေးခဲ့ပြီး ထူးချွန်သင်တန်းသားများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။